# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး

## ၃၂ ရက်မြောက်နေ့ အစီအစဉ်

## [ ၁၆ - ၉ - ၂၀၁၆ ]

## (သောကြာနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၃၂ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **သရေခေတ္တရာပျူမြို့ဟောင်းအား UNESCO အဖွဲ့ကြီး၏ ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ကောင်းစွာထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ပြည်ထောင်စုအဆင့် Master Plan ရေးဆွဲဆောင်ရွက်ပေးနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ပုဒ်မ ၄ အရ "မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ"ကို မည်သည့်အချိန်တွင် ဖွဲ့စည်းမည်၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ နည်းဥပဒေများကို မည်သည့်အချိန်တွင် ရေးဆွဲပြီးစီးပြဋ္ဌာန်းနိုင်မည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ မြို့နယ်များတွင် ခိုကိုးရာမဲ့တောင်းရမ်းစားသောက်နေသူများအား ပြုစုစောင့်ရှောက်၍ ၎င်းတို့ဘဝများ ပြန်လည်ရှင်သန်လာအောင် လုပ်ဆောင်ပေးမည့် စီမံကိန်းတစ်ရပ် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ရှမ်းပြည်နယ်၊ ဟိုပန်မြို့နယ်၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရှိ သိန္နီ - ကွမ်းလုံ - ဟိုပန် - မိုင်းမောလမ်းအား အဆင်ပြေချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ရန်အတွက် ပျက်စီးနေသော တံတားအမှတ် (၁/၈၀) သံတံတားအဟောင်းအား သံကူကွန်ကရစ်တံတားအဖြစ် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် မြေပြိုကျသော နေရာများအား ကျောက်စီမြေထိန်းနံရံနှင့် ကျောက်စီရေမြောင်း တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၏ အဓိကလမ်းမကြီး တစ်လမ်းဖြစ်သည့် ကမ်းနားလမ်းကို လူသွားလမ်း ပလက်ဖောင်းအပါ (၂၄)ပေအကျယ် ကွန်ကရစ်လမ်းဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ၃၃ ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။